ခြေရာလက်ရာမှန်သမျှကို ဆွဲဆုတ်ပစ်သည်။ ဖျောက်ဖျက်ပစ်သည်။ မာစတန်၊ လီးစ်နှင့် ဂျိမ်းတို့က သဘော်ရက်မများ ဖြောင်းခနဲ ဖြောင်းခနဲ ကျိုးသည့်အသံတွေ၊ သစ်သားတွေ ကျိုးကျိုးကျွတ်ကျွတ် အော်မြည်ပဲ့ရွှဲ့ သံတွေကြားထဲမှာပင် ကုန်လှောင်ခန်းထဲဆင်းပြီး စားနပ်ရိက္ခာများကို ကဲ့ထုတ်ကြ၏။ နောက်နေ့နံနက်တွင် ဟာလေက တစ်ယောက်တည်း ပင်ပန်းဆင်းရဲစွာ အလုပ်လုပ်နေသည့် မက်နစ်ရှ်ဆီသို့ သွားကြည့်သည်။ 'ချစ်ပီ' ဆောက်လုပ်နေသည့် ရေကာတာကလေး အောင်မြင်စွာ ပြီးမြောက်သွားပြီ။ ဒလဟောတိုးဝင်နေသည့် ရေထုကို ထိန်းထားနိုင်ကြောင်းလည်း တွေ့လိုက်ရ၏။

"ရေမျက်နှာပြင်က စက်ခန်းကြမ်းပြင်နဲ့အညီဖြစ်နေတယ်။ ဒါပေမဲ့ ဒီရေမျက်နှာပြင် ဆက်ပြီးမြင့်တက်မလာနိုင်အောင် လွယ်လွယ်ကူကူ ထိန်းထားနိုင်တယ်။ မာကျောလှတဲ့ ငါတို့ရဲ့ ရေယာဉ်ကလေး အန္တရာယ် စက်ကွင်းကနေ လွတ်မြောက်ဖို့ ငါတို့ မျှော်လင့်လို့ရနေသေးတယ်" ဟု ဟာလေက မှတ်တမ်းတင်ခဲ့လေသည်။

နံနက်မိုးသောက် အရုဏ်ရောက်သည်နှင့် ရာသီဥတုက ကြည်လင်ဝင်းပနေသည်။ ကောင်းကင်တွင် အဆုပ်လိုက်အခဲလိုက်လွင့်နေသည့် တိမ်စိုင်တိမ်ခဲတွေပဲရှိသည်။ တောက်ပသောနေရောင်ခြည်က ရေခဲပြင်ကို တဖျတ်ဖျတ်လင်းလက်နေစေ၏။ ထိုနေ့ကား အောက်တိုဘာ ၂၆ ရက်နေ့။

သဘာဝအလှအပကို အရသာခံကြည့်နေသည့် ရှက်ကယ်လ်တန်သည် ရေခဲတုံးများဖိအားကြောင့် ဖြစ်ပေါ်လာသည့် တဝုန်းဝုန်းတဒိုင်းဒိုင်း အသံများကြောင့် ဆတ်ခနဲဖြစ်သွားသည်။ သူသည် အိပ်ရာမှလန့်နိုးသူလိုဖြစ်နေ၏။ တကယ်တော့ သူသည် ပကတိအရှိတရားနှင့် ကင်းကွာပြီး စိတ်ကူးယဉ်ဆန်နေမိပါကလား။ သူသည် မချိတင်ကဲ ငိုကြွေးနေ

သည့် သင်္ဘောကလေး၏အသံများကို မေ့လျော့ပြီး ခုမြင်ခုပျောက် သဘာဝအလှအပများကို မက်မောစွာ ငေးမောနေမိပါကလား။ ရေခဲများ၏ ဖိအားက ဖွဲ့ သင်္ဘောကလေးအား လေးတစ်စင်းကဲ့သို့ ကြေးညွတ်သွားစေပြီဖြစ်ကြောင်း မာလိန်ခန်းထဲမှနေ၍ သူမြင်တွေ့နေရ၏။ နောက်တစ်ချီ ရေတွေမတရား တိုးဝင်နေပြန်ပြီ။ ခြေကုန်လက်ပန်းကျနေပြီဖြစ်သည့် သင်္ဘောအမှုထမ်းများသည် ဆယ့်ငါးမိနစ်တာဝန်ယူ၊ ဆယ့်ငါးမိနစ်နားစနစ်ဖြင့် ရေစုပ်စက်တွေ မောင်းကြရသည်။ မတ်တတ်ရပ်လျက် အိပ်ငိုက်ရင်း အလုပ်လုပ်ကြရသည်။ ညကိုးနာရီရောက်တော့ အသက်ကယ်လှေများနှင့် စွတ်ဖားများကို တည်ငြိမ်သော ရေခဲပြင်ပေါ်ချထားဖို့ အမိန့်ပေးလိုက်၏။ ရေခဲများ ရွေ့လျားမှုကြောင့် တစ်နည်းတစ်ဖုံ ရေလမ်းကြောင်းပြောင်းကာ သင်္ဘောထဲသို့ ရေတိုးဝင်မှုနှေးသွားသည်။

“သင်္ဘောကလေးကိုကယ်တင်ဖို့ မျှော်လင့်ချက်ကိုတော့ မစွန့်လွှတ်သေးဘူး” ဟု ဟာလေက မှတ်တမ်းပြုသည်။ သို့ဖြစ်သော်လည်း ကြိုတင်ကာကွယ်မှုပြုသည့်အနေဖြင့် သူ၏ ဓာတ်ပုံမှတ်တမ်းစာအုပ်ကို ရေစိမ်ခံအဝတ်ဖြင့် ထုပ်ပိုးထားသည်။ ရေခဲပြင်ပေါ်သို့ မလွှဲသာမရှောင်သာ ဆင်းရတော့မည်ဆိုလျှင် သူနှင့်တစ်ပါတည်း ယူဆောင်သွားနိုင်သည့် သူ့အလုပ်မှတ်တမ်းမှာ ဒါပဲရှိသည်မဟုတ်လား။ ဖွဲ့ သင်္ဘောကလေး ငြိမ်သက်သွားပြီ။ ဘာသံမျှမထွက်တော့။ သို့ပေမယ့် ထိုညကတော့ သူတို့အားလုံး နေမထိထိုင်မသာဖြစ်စေမည့် ဖြစ်ရပ်တစ်ခု ပေါ်ပေါက်ခဲ့၏။ ခေါင်းဝါကျား ပင်ဂွင်းငှက်ကြီး ရှစ်ကောင်သည် တည်ငြိမ်ခံ့ညားစွာဖြင့် သင်္ဘောရှိရာသို့ ချဉ်းကပ်လာသည်။ သည်အကောင်တွေ သည်လောက်များများစုပြီး သွားလာလေ့မရှိ။ သူတို့က တော်တော်ကြာအောင် သင်္ဘောကို စူးစူးစိုက်စိုက် ကြည့်နေကြသည်။ နောက်တော့ ဦးခေါင်းများကို နောက်ဘက်သို့ပစ်လှန်ပြီး ချောက်ချားစရာ

ကောင်းပြီး ခံစားချက်ပြင်းပြသော ငိုကြွေးသံများ ထုတ်လွှတ်ခဲ့ကြလေသည်။

"ဟိုတုန်းကရော၊ ခုရော... ကုန်ကုန်ပြောရရင် ဘယ်တုန်းကမှ ဒီအသံမျိုးနဲ့ အော်ဟစ်တာ မကြုံခဲ့ဖူးဘူး၊ ကြားလည်း မကြားဖူးခဲ့ဘူးဆိုတာ ဝန်ခံရမှာပဲ။ ဒီအပြုအမူရဲ့ အဓိပ္ပာယ်ကို ငါရှင်းမပြတတ်ဘူး" ဟု ဝါစလေက မှတ်တမ်းတင်ခဲ့သည်။

အနေအထားမှာ ခေါင်းဝါကျား ပင်ဂွင်းငှက်ကြီးများသည် သင်္ဘောကလေး၏ ဈာပနတေးကို သီကြွေးသွားကြသည်နှင့် တူနေ၏။ သင်္ဘောသားတွေထဲတွင် အယူအသီးဆုံး မက်ကလောက်က မက်ကလင် ဘက်လှည့်ပြီး ပြောလိုက်သည်မှာ "အဲဒီအသံကို ကြားလား။ ငါတို့ အထဲက တစ်ကောင်မှ ကိုယ့်အိမ်ကိုယ် ပြန်ရောက်ကြမှာ မဟုတ်ဘူး" ဟူ၏။

ထိုညတစ်ညလုံးနှင့် နောက်နေ့နံနက်အထိ ရေစုပ်စက်များဆက်မောင်းသည်။ အောက်တိုဘာ ၂၇ ရက်သည် ကြည်လင်တောက်ပစွာ အရုဏ်ကျင်းလာသည်။ သို့ပေမယ့် အအေးချိန်ကတော့ -၈.၅° ရှိသည်။ ရေခဲများအော်မြည်သံ တဝုန်းဝုန်းတဒိုင်းဒိုင်းက ရပ်မသွားသေး။ သို့ပေမဲ့ လူတွေဟာ ပင်ပန်းနွမ်းနယ်လွန်းနေပြီဖြစ်သည့်အတွက် ထိုအသံများကို သတိပြုမနေနိုင်တော့။ ရေစုပ်စက်များကို ပို၍ မြန်သည်ထက် မြန်အောင် မောင်းကြသည်။ ရေခဲဖိအားက ပြင်းထန်သည်ထက် ပြင်းထန် လာသည်။ ညနေ ၄ နာရီတွင်တော့ အပြင်းထန်ဆုံးအဆင့်သို့ ရောက်လာသည်။ ပြင်းပြင်းထန်ထန် ဆောင့်တိုက်လိုက်ခြင်းနှင့်အတူ သင်္ဘောကလေး ပွဲထောင်သွားတော့၏။ စီးမျောလာသည့် ရေခဲမျောတုံးကြီးတစ်တုံးက သင်္ဘောတက်မကို ချိုးဖဲ့ပစ်လိုက်သည်။ တက်မသာ မဟုတ်ဘဲ ပိုင်းရှက်တိုင်ကြီးပါ ကျိုးသွားသည်။ ထို့နောက်မှာတော့

ဒဏ်ရာ ဒဏ်ချက် ဗရပွဖြင့် ဖွဲ့ သဘော်ကလေးသည် ရေထဲအနည်းငယ် နစ်မြုပ်သွားသည်။ ကုန်းပတ်တွေ ကျိုးပဲ့ကြွထလာသည်။ ထိုအချိန်တွင် သဘော်ဇရောပြုတ်ထွက်သွားပြီး ရေတွေ ဒလဟော ဝင်လာတော့၏။

ခုတော့ ဇာတ်လမ်းက တစ်ခန်းရပ်သွားချေပြီ။ နံနက် ၅ နာရီတွင် ရှက်ကယ်လ်တန်က အမိန့်ထုတ်သည်။ သဘော်ကို စွန့်ခွာကြဖို့။ ခွေးများကို ပတ္တူပြားလျှောများပေါ်မှ လျှောဆင်းစေသည်။ အသင့်ပြင်ထားသည့် စားနပ်ရိက္ခာများကို ရေခဲပြင်ပေါ်ချပေးသည်။ တသိမ့်သိမ့်တုန်နေသည့် ကုန်းပတ်ပေါ်ရပ်ရင်း ရှက်ကယ်လ်တန်က စက်ခန်းကို စစ်ဆေးကြည့်သည်။ အထိန်းတွေ၊ သံပြားအကာတွေ ပျက်စီးကုန်ပြီဆိုတော့ အင်ဂျင်တွေ တုံးလုံးလဲကုန်ပြီ။

"အဖြစ်အပျက်အားလုံးက မြန်ဆန်လွန်းတော့ ငါတို့မှာ ကြေကွဲနေဖို့တောင် အချိန်မရလိုက်ဘူး။ အင်းလေ… နောက်မှပဲ တမြည့်မြည့် ကြေကွဲရတော့မှာပဲ" ဟု ဝါဒီကရေးထားသည်။ လူတွေအားလုံး ပင်ပန်းနွမ်းနယ်လွန်းပြီး ထုံထုံထိုင်းထိုင်းဖြစ်နေကြပြီ။ ဇာတ်လမ်းအဆုံးသတ်ပုံက မြန်ဆန်လွန်းသည့်အတွက် လူတွေ ဘာလုပ်လို့ ဘာကိုင်ရမှန်းပင် မသိတော့။ နေ့စဉ်မှတ်တမ်းတွေထဲတွင် တစ်ကိုယ်တော်လွတ်မြောက်ရေးအတွက် ကြိုးစားအားထုတ်တာ တစ်လုံးတစ်ပါဒမျှမတွေ့ရ။ စိတ်ခံစားချက်အားလုံးသည် ဇီဝိန်ကြွေသွားသော သဘော်ကလေးအပေါ်မှာသာ စုပုံနေ၏။

ရေခဲမျောတုံးပြင်ထဲတိုးဝင်ပြီး အကျဉ်းကျနေသည့်အချိန်မှစပြီး ဖွဲ့ ၏ သံမဏိစိတ်ဓာတ်နှင့် ဖွဲ့သတ္တိကို အားလုံးကဝိုင်းပြီး ချီးကျူးမှတ်တမ်းတင်ခဲ့ကြသည့် ဝေါဟာရများမှာ 'မြင့်မြတ်သော'၊ 'ရဲရင့်ပြောင်မြောက်သော'၊ 'သူရသတ္တိပြည့်စုံသော'၊ 'ငါတို့ရဲ့မာကျောတဲ့ သဘော်ကလေး' ဟူ၍ဖြစ်၏။ ဤစကားလုံးများကား ဖွဲ့ သဘော်ကလေးနှင့်

ပတ်သက်၍ ဂုဏ်ယူဝင့်ကြွားစွာ ဝိသေသနပြုခဲ့သည့် ဂုဏ်ပုဒ်များပါ တည်း။

"ကျုပ်ဘယ်လိုခံစားရတယ်ဆိုတာ ချရေးဖို့ခက်တယ်။ ပင်လယ်ပျော်တစ်ယောက်အတွက် သူ့သင်္ဘောဟာ ရေပေါ်အိမ်တစ်လုံးထက် ပိုပြီး အဓိပ္ပာယ်ရှိတယ်။ ပိုပြီးလေးနက်တယ်။ ခုဆို အံခဲကြိတ်မှိတ်ခံရင်း၊ ညည်းတွားအော်ဟစ်ရင်း သူ့သစ်သားတွေက တဖြောင်းဖြောင်းကျိုးပဲ့ကုန်ပြီ။ နောက်ပြီး ရထားတဲ့ဒဏ်ရာကြီးတွေက ဟောက်ပက်ကြီးတွေ ဖြစ်လို့။ သူ့ခမျာ သူ့ဘဝရဲ့အစ ပထမပိုင်းလေးမှာပဲ နှမြောစရာကောင်းလှတဲ့ သူ့အသက်ကလေးကို ဖြည်းဖြည်းချင်း စွန့်လွှတ်ရတော့မယ်"

ဤကား ရက်ကယ်လ်တန်၏ ကြေကွဲမှတ်တမ်း။

ဖွဲ့ ကို အပြီးအပိုင်စွန့်လွှတ်ခွဲခွာခြင်းမပြုမီ ဟာလေက 'ရစ်ဇ်' မှ သူတို့၏ အခန်းကန့်များကို နောက်ဆုံးကြည့်ခြင်းအဖြစ် လှည့်ပတ်ကြည့်သည်။ ခုတော့ 'ရစ်ဇ်' သည်လည်း ရေထဲ တစ်ပေလောက် မြုပ်နေပြီ။ မှောင်ကြီးမည်းမည်းထဲတွင် ရက်မများ ကျိုးပဲ့သံများ ကြားနေရသည်မှာ သွေးပျက်ချင်စရာ။ သူချက်ချင်းလှည့်ထွက်ခဲ့၏။ မြင်တွေ့နေရသည့် မြင်ကွင်းအားလုံး ဖရိုဖရဲ။ ကြားနေရသည့်အသံအားလုံး စိတ်ချောက်ချားချင်စရာ။ အရာရှိများနားနေခန်းထဲမှာလည်း ရေတွေပြည့်နေပြီ။ သည်လို ဗရုတ်သုတ်ခအခြေအနေထဲတွင် ပုံမှန်ကလေး တဒေါက်ဒေါက်မြည်ပြီး ဣန္ဒြေမပျက် လှုပ်ရှားနေသည်မှာ အရာရှိများနားနေခန်းထဲမှ တိုင်ကပ်နာရီကြီး။ သည်မြင်ကွင်းကပင် ဟာလေအား ထိတ်လန့်ချောက်ချားသွားစေဟန်ရှိ၏။

ဖွဲ့ကို နောက်ဆုံးစွန့်ခွာသူမှာ ရက်ကယ်လ်တန်။ သူက အပြာရောင် သင်္ဘောအလံကို လွှင့်ထူသည်။ ရေခဲပြင်ပေါ်မှလူတွေက သုံးကြိမ်တိတိ အုလိုက်သည်းလိုက် အားပေးကြွေးကြော်ကြသည်။ ဘယ်လိုကြောင့်မှန်း

မသိ၊ သင်္ဘော၏ အရေးပေါ်အချက်ပြမီးက လင်းနေသည်။ နောက်ပြီး ၎င်းမီး၏ လျှပ်စီးပတ်လမ်းက ပြတ်တောင်းပြတ်တောင်းဖြစ်နေသည့်အတွက် အချက်ပြမီးသည် လင်းလိုက်မှိတ်လိုက်ဖြစ်နေ၏။ တကယ်တော့ အရေးပေါ်အချက်ပြမီးခလုတ်ကို ဘယ်သူမှ မနှိပ်ခဲ့။ မတော်တဆ ထိခိုက်မိပြီး မီးလင်းနေခြင်း။ သင်္ဘောကလေးကို စွန့်ခွာဖို့ ရေခဲပြင်ပေါ် ရောက်နေသူများအပေါ် ရက်စက်လွန်းရာကျသည့် မတော်တဆ တိုက်ဆိုင်မှုပါတည်း။ ခုတော့ ဇွဲ သင်္ဘောကလေးက အဖွဲ့သားအားလုံးကို မီးကလေးမှိတ်လိုက်လင်းလိုက်ဖြင့် နောက်ဆုံးနှုတ်ဆက်စကား ဆိုနေသည်သို့ ရှိပါတော့သည်။

❐



သမိုင်းဝင် ပုံကောင်းတစ်ပုံရရေးအတွက် စွန့်စွန့်စားစား တွယ်ရှားနေသည့် ဟာလေ။